# ကရင်ပြည်နယ်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာပဋိပက္ခ

## တကျော့ပြန်တိုက်ပွဲ၏ အရင်းခံအကြောင်းအရင်းနှင့် နောက်ကွယ်က တွန်းအားများ

KAREN RIVERS WATCH

ကညီတၢ်ကွၢ်ထွဲကပၢ်ကယာ်ထံကျိထံကွာ်


[ဓာတ်ပုံ - KRW]

## ဟတ်ကြီးရေကာတာစီမံကိန်းနှင့်တိုက်ရိုက်ဆက်စပ်သည့် တိုက်ပွဲများ

နေပြည်တော်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မြန်မာအစိုးရနှင့် ကရင်ခေါင်းဆောင်များအကြား သမိုင်းဝင် ငြိမ်းချမ်းရေး ဆွေးနွေးမှုများလုပ်ဆောင်နေသည့်ကာလတွင် မြန်မာစစ်တပ်နှင့် ၎င်း၏နယ်ခြားစောင့်တပ် (BGF) တို့သည် ကရင်ပြည်နယ် အတွင်းစစ်ကြောင်းများဖြင့်ထိုးစစ်ဆင်ကာတိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ ဤသည်မှာကရင်ပြည်နယ်အတွင်းလူမှုပတ်ဝန်း ကျင်အပေါ်ဆိုးရွားစွာထိခိုက်စေမည့်ဟတ်ကြီးရေကာတာစီမံကိန်းကိုရှေ့ဆက်အကောင်ထည်ဖော်နိုင်ရေးအတွက်နယ်မြေ တိုးချဲ့ထိန်းကွပ်မှုရယူနိုင်ရန်အတွက်ဖြစ်သည်။

သံလွင်မြစ်ကိုကာကွယ်ရန်ရည်ရွယ်ပြီး ကရင်လူထုအခြေပြုအဖွဲ့အစည်းများဖြင့်ဖွဲ့စည်းထားသော ကရင်မြစ်ကြောင်းများ စောင့်ကြည့်ရေးကွန်ရက်အနေဖြင့် ဟတ်ကြီးရေကာတာစီမံကိန်းနယ်မြေအားထိန်းချုပ်နိုင်ရန်အတွက် မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်များဖက်မှ ဤကဲ့သို့ပဋိပက္ခဖြစ်အောင်လှုံ့ဆော်ဖန်တီးခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်သည့်အကြောင်း ကိုအများသတိမူအောင်ဖော်ပြလိုက်ပါသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှအောက်တိုဘာလအတောအတွင်း၌ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်များအတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်ပွဲများကြောင့် လူပေါင်း ၂၀၀၀ ခန့် အိုးအိမ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်ရွှေ့ပြောင်းခဲ့ကြရသည်[1]။ ကရင်ပြည်နယ်အတွင်းဖြစ်ပွားရှိနှင့်နေသော ထိုကဲ့ သို့ပဋိပက္ခများကို လျော့နည်းအောင်ဆောင်ရွက်ရမည့်အစား အဆိုပါပဋိပက္ခများဖြစ်ပွားပြီးနောက် ၂ နှစ်အကြာတွင် မြန်မာ စစ်တပ်သည် ကရင်ပြည်နယ်အတွင်း အလားတူပဋိပက္ခများကို ထပ်မံဖန်တီးလျက်ရှိသည်။

မြန်မာစစ်တပ်သည် ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် (Democratic Karen Benevolent Army - DKBA) မှ ခွဲထွက်ခဲ့ပြီးတိုးတက်သောဗုဒ္ဓဘာသာကရင်မျိုးသားတပ်မတော် (DemocraticKarenBuddhistArmy-DKBA) အမည်ဖြင့်လက် ရှိရပ်တည်နေသည့် ဒီကေဘီအေခွဲထွက်အဖွဲ့နှင့် နယ်ခြားစောင့်တပ် (BGF) တို့အကြားဖြစ်ပွားသည့်ပဋိပက္ခကို အခွင့် ကောင်းယူကာ ကရင်ပြည်နယ်အတွင်း နယ်မြေတိုးချဲ့ ထိန်းချုပ်မှုရယူခြင်းဖြင့် ဟတ်ကြီးရေကာတာစီမံကိန်းကို ကန့်ကွက် ဆန့်ကျင်မှုများမရှိဘဲ အကောင်အထည်ဖေါ်နိုင်အောင် ကြိုးပမ်းလျက်ရှိသည်။ ဤကဲ့သို့ မြန်မာစစ်တပ်နှင့်နယ်ခြားစောင့် တပ်များ၏လုပ်ဆောင်မှုကြောင့် ဒေသခံ ၅၀၀၀ ကျော်သည် ၎င်းတို့၏နေအိမ်ကျေးရွာများကို စွန့်ခွာခဲ့ရကာ မြိုင်ကြီးငူမြို့သို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီး အချို့မှာ နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ကြရသည်။

[1] For more information, please see Karen Rivers Watch (2014), “Afraid to Go Home” pp. 6-8. http://www.kesan.asia/index.php/reports/viewdownload/4-reports/156-afraid-to-go-home-recent-violent-conflict-and-human-rights-abuses-in-karen-state



[ဓာတ်ပုံ - KRW]

## မြန်မာစစ်တပ်၏လုပ်ရပ်သည် မြန်မာပြည်သူလူထုအတွက်မဟုတ်ဘဲ လုပ်ပိုင်ခွင့် အာဏာအထူးရရှိသူ သို့မဟုတ် အထက်တန်းလွှာလူတန်းစား (elite) များ၏ အကျိုးစီးပွားကိုသာ ဖြည့်ဆည်းပေးခြင်း

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ၂၀၁၄ ခုနှစ်ကနှင့်မတူပဲ အမျိုးသားဒီမိုကရေစီအစိုးရ၏ ဦးဆောင်မှုဖြင့် ပြောင်းလဲလျက်ရှိသော်လည်း ထိခိုက်ဖျက်ဆီးမှုများစေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်ရန်အတွက် ဥပဒေကြောင်းအရ အရေးယူခံရခြင်းမရှိသည့် မြန်မာစစ်တပ်၏မြေယာအတင်းအဓမ္မသိမ်းယူမှုများက ရှိနေဆဲဖြစ်သည်။ အကယ်၍ ကရင်ပြည်နယ်အတွင်း မြန်မာစစ်တပ်နှင့်နယ်ခြားစောင့်တပ်များဖက်မှ စစ်ရေးတိုးချဲ့မှုများကို လျှော့ချမသွားဘဲ ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏နယ်မြေအတွင်းသို့ တိုးဝင်သွားသည်နှင့် အမျှ ပဋိပက္ခကိုသာ ပိုမိုဖြစ်ပွားစေမည် ဖြစ်သည်။ မြန်မာစစ်တပ်နှင့်နယ်ခြားစောင့်တပ်တို့သည် ဟတ်ကြီးရေကာတာစီမံကိန်းနယ်မြေအား ထိန်းချုပ်နိုင်ရန်အတွက် ကြိုးပမ်းနေသည်မှာ ထင်ရှားသည်။ ထိုအတွက် အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုပါ KNLA တပ်မဟာ (၅) နယ်မြေ၏ကန့်သတ်နယ်မြေထဲသို့ ကျော်လွန်ဝင်ရောက်ရမည့်အခြေအနေများရှိသည်။ ဤသည်မှာ ယခင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဦးဆောင်သည့်အစိုးရလက်ထက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်ပါအချက်အလက်များနှင့် ဆန့်ကျင်နေသည်။

ဤဆက်တိုက် တိုက်ပွဲဖြစ်ပွားမှုများသည် ကရင်လူထု၏ဘဝများနှင့် တစ်နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးဖြစ်စဉ်များကို ထိခိုက်စေသည်။ သံလွင်မြစ်ဝှမ်းဒေသရှိကရင်ပြည်သူလူထု၏အကျိုးအမြတ်အတွက် မဟုတ်သလို မြန်မာပြည်သူလူထုအားလုံး၏ အကျိုးစီးပွားအတွက်မဟုတ်သည့် ရေကာတာစီမံကိန်းများ အကောင်အထည်ပေါ်လာရန်အတွက် ကရင်ပြည်နယ်တွင်ဖြစ်စေ၊ မြန်မာတစ်ပြည်လုံး၌ဖြစ်စေ၊ တကျော့ပြန်ပြည်တွင်းစစ်နှင့် စစ်ကပေးသည့်ရှည်လျားသောဒုက္ခဆင်းရဲများ နောက်တစ်ဖန်ပြန်လည်ဖြစ်ပွားစေခြင်းမျိုးကို အဖြစ်မခံသင့်ပါ။ ဟတ်ကြီးရေကာတာစီမံကိန်းမှရလာမည့် လျှပ်စစ်ဓါတ်အားအများစုကိုလည်း ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်သလို ရေကာတာမှတစ်ဆင့် သံလွင်မြစ်ရေကိုထိုင်းနိုင်ငံသို့ လမ်းကြောင်းလွှဲပို့ပေးမည့်အလားအလာများရှိသည်။




# ဟတ်ကြီးရေကာတာစီမံကိန်းနယ်မြေအနီးတစ်ဝိုက် ဖြစ်ပွားခဲ့သည် ၂၀၁၆ ခုနှစ် စက်တင်ဘာပဋိပက္ခ၏အချိန် ကာလမှတ်တမ်း

**ဩဂုတ်လ၊ ၂၈ ရက်။** အီးဂက်(EGATi)မှ ဟတ်ကြီးရေကာတာစီမံကိန်းနှင့်ပတ်သက်၍ မြန်မာအစိုးရနှင့် ပြန်လည်ဆွေးနွေးမှုများလုပ်ရန်နှင့်စီမံကိန်းထိခိုက်မှုဆိုင်ရာဆန်းစစ်လေ့လာမှုအသစ်ထပ်မံဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ထိုင်းသတင်းစာက ဖော်ပြခဲ့သည်။

**ဩဂုတ်လ၊ ၂၉ရက်။** ဒီကေဘီအေခွဲထွက်အဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်သူဗိုလ်နားမကြားသေဆုံးကြောင်းသတင်းမီဒီယာများက ဖေါ်ပြသည်။ ၎င်းအား နယ်ခြားစောင့်တပ်နှင့် မြန်မာစစ်တပ်မှသတ်ဖြတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း ဒီကေဘီအေခွဲထွက်အဖွဲ့ကစွပ်စွဲခဲ့သည်။ လက်ရှိတွင် ဒီကေဘီအေခွဲထွက်အဖွဲ့ကို ဗိုလ်မှူးကြီး ဆန်းအောင်၊ ဗိုလ်မှူးချုပ်ကျော်သက်နှင့် ဗိုလ်မှူးကြီးဘိုပိတို့မှ ဦးဆောင်လျက်ရှိသည်။

**စက်တင်ဘာလ၊ ၂ - ၃ ရက်။** ဒီကေဘီကေခွဲထွက်တပ်ဖွဲ့မှ လှိုင်းဘွဲ့မြို့နယ်ထဲရှိနယ်ခြားစောင့်တပ်အဖွဲ့အား တိုက်ခိုက်ခဲ့သည်။

**စက်တင်ဘာလ၊ ၇ - ၈ ရက်။** ယင်းဘိုင်(နယ်ခြားစောင့်တပ်အခြေစိုက်)နှင့် ဝါးကလုလူတောင် (ဒီကေဘီအေခွဲထွက်အခြေစိုက်)အကြားနယ်မြေထဲသို့နယ်ခြားစောင့်တပ်များဝင်ရောက်ခဲ့ပြီးနောက်သံလွင်မြစ်အရှေ့ဘက်ကမ်းနှင့်နီးသောနေရာ ယင်းဘိုင်တံတားအနီး၌ ဒီကေဘီအေခွဲထွက်နှင့် နယ်ခြားစောင့်တပ်အကြား ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

**စက်တင်ဘာလ၊ ၉ရက်။** နယ်ခြားစောင့်တပ်နှင့်မြန်မာစစ်တပ်များသည်ဝါကလုလူတောင်ပေါ်ရှိဒီကေဘီအေခွဲထွက်နေရာများသို့ ထိုးဖောက်တိုက်ခိုက်ခဲ့သည်။

**စက်တင်ဘာလ၊ ၁၀ ရက်။** နဂိုမူလဒီကေဘီအေအဖွဲ့အားဖြစ်ပေါ်လာစေရာတွင် အဓိကပါဝင်ဆက်စပ်နေသူတစ်ဦးလည်းဖြစ်ပြီး လက်ရှိဩဇာအာဏာလည်းရှိသူဖြစ်သည့် ဆရာတော်ဦးသုဇန၏ကြီးကြပ်မှုအောက်၌ မယ်သဝေါနှင့်မြိုင်ကြီးငူကားလမ်းမတစ်လျှောက်ရှိ ကျေးရွာများမှရွာသူရွာသား ၂၀၀၀ ကျော်အား ကား ၁၃၀ စီးဖြင့် ရွှေ့ပြောင်းစေခဲ့သည်။ ထိုနေ့မှာပင် မြန်မာစစ်တပ်မှ ယင်းဘိုင်တံတားအား ဖြတ်သန်းသွားလာခွင့်ပိတ်ခဲ့သည်။ နယ်ခြားစောင့်တပ် ၁၀၁၄ တပ်ရင်းမှ ဗိုလ်မှူးမောင်ချစ်သည် KNLA ကို ဆက်သွယ်ခဲ့ပြီး သံလွင်မြစ်အနောက်ပိုင်း ဟတ်ကြီးရေကာတာစီမံကိန်းအနီး KNLA ထိန်း

ချုပ်နယ်မြေထဲရှိ ထိုတဘတ်ဝေ၊ ကလောတယ်ထ၊ ပတဲထ၊ ယော်မာထနှင့် မယ်လားကျေးရွာများကို ထိန်းချုပ်ခွင့်ပေးရန် တောင်းဆိုခဲ့သည်။

**စက်တင်ဘာလ၊ ၁၂ ရက်။** အထက်ပါ နယ်ခြားစောင့်တပ်၏တောင်းဆိုချက်အား KNLA တပ်မဟာ (၅) မှ အကြောင်းပြချက် ၃ ချက်ဖြင့် ငြင်းဆိုခဲ့သည်။ ၁) ထိုနယ်မြေများသည် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးထားသော KNLA တပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင်ရှိခြင်း၊ ၂) ထိုနယ်မြေများအတွင်းသို့ဝင်ရောက်ပါက မြေမြှုပ်မိုင်းများကြောင့် နယ်ခြားစောင့်တပ်များ၏ လုံခြုံရေးကိုအာမခံ မပေးနိုင်ခြင်း၊ ၃) နယ်မြေအတွင်း စစ်အင်အားတိုးမြှင့် ပို့ဆောင်ချထားခြင်းသည် ဒေသခံပြည်သူများအကြား ကြောက်ရွံ့မှုကိုဖြစ်ပေါ်စေခြင်း၊ စသည်တို့ဖြစ်ပါသည်။

**စက်တင်ဘာလ၊ ၁၃ ရက်။** KNU သည် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးဖော်ဆောင်မှုအား အမှန်တကယ်ထောက်ခံလို လားကြောင်းနှင့် ကရင်ပြည်နယ်အတွင်းလုပ်ဆောင်သည့် မြန်မာစစ်တပ်၏စစ်ဆင်ရေးများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ်ထားရှိသောပြည်သူလူထု၏ယုံကြည်မှုကိုပျက်ပြားစေခြင်းကြောင့် ထိုစစ်ဆင်ရေးများအားရပ်တန့်ရန် KNU မှ သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ ထိုနေ့တွင် ရွာသူရွာသား ၂၀၀ ကျော်သည် အသက်အိုးအိမ်လုံခြုံရေးအတွက် သောင်ရင်းမြစ်ကို ဖြတ်ကာ တစ်ဖက်ကမ်းရှိထိုင်းနိုင်ငံထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

**စက်တင်ဘာလ၊ ၁၁ - ၁၈ ရက်။** မယ်သဝေါ်နှင့် မြိုင်ကြီးငူလမ်းမတစ်လျှောက်ရှိ ဝါးကလုလူတောင်နှင့် ဗျူဟာကုန်းရှိ ဒီကေဘီအေခွဲထွက်စခန်းများအနီးဝန်းကျင်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။

**စက်တင်ဘာလ၊ ၁၈ ရက်။** နယ်ခြားစောင့်တပ်နှင့် မြန်မာစစ်တပ်များသည် မယ်သဝေါ်နှင့်မြိုင်ကြီးငူလမ်းမတစ်လျှောက်ရှိ ဒီကေဘီအေခွဲထွက်စခန်းများအားလုံးကို ရှင်းလင်းနိုင်ခဲ့ကာ ဟတ်ကြီးရေကာတာစီမံကိန်းနေရာသို့ ပို့ဆောင်ပေးနိုင်သည့် အဆိုပါ မယ်သဝေါ်-မြိုင်ကြီးငူလမ်းကို ထိန်းချုပ်လိုက်သည်။

**စက်တင်ဘာလ၊ ၁၉ ရက်။** နယ်ခြားစောင့်တပ်မှ မယ်သဝေါ်နှင့်မြိုင်ကြီးငူလမ်းတစ်လျှောက်အား အပြည့်အဝ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထိုအချိန်အထိ ပြည်တွင်းစစ်ဘေးရှောင် ၄၀၀၀ ကျော်သည် မြိုင်ကြီးငူတွင် ပြောင်းရွှေ့ခိုလှုံနေခဲ့ပြီဖြစ်သည်။


**စက်တင်ဘာလ၊ ၂၀ ရက်။** ဟက်ကြီးရေကာတာစီမံကိန်းမြောက်ပိုင်းတွင်အခြေချနေထိုင်သောဒေသခံများအားရွှေ့ပြောင်းရန်အတွက် လှေအစင်း ၃၀ က တက်ကြွခဲ့သည်။ ဘောသရောရွာ၊ ကလောတယ်ထရွာ၊ ပတဲထရွာ၊ ယော်မာထရွာ၊ စစ်ဝဲရွာနှင့် တောင်ကြားရွာမှ အရေအတွက်အတိအကျမသိရသော ရွာသူရွာသားများအား မြန်မာစစ်တပ်မှ လှေများဖြင့် မြိုင်ကြီးငူသို့ရွှေ့ပြောင်းခဲ့သည်။

**စက်တင်ဘာလ၊ ၂၁ - ၂၇ ရက်။** နယ်ခြားစောင့်တပ်များသည် သံလွင်မြစ်အထက်ပိုင်း အရှေ့ဖက်ခြမ်းတွင် လှုပ်ရှားမှုများပိုမိုလုပ်ဆောင်လာကြောင်း KNLA သတင်းအရင်းအမြစ်က ဆိုသည်။ ရွာသူရွာသားများကလည်း ဘောသရောရွာတွင် နယ်ခြားစောင့်တပ်များအခြေချခြေကုပ်ယူနေကြောင်း ပြောကြားခဲ့ကြသည်။



[ဓာတ်ပုံ - KRW]

# ဟတ်ကြီးရေကာတာစီမံကိန်းအနီးတဝိုက်ဖြစ်ခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ပဋိပက္ခမြေပုံ




[မြေပုံ - KRW]

# ဟတ်ကြီးရေကာတာသည် ပြည်သူလူထုအတွက် တကျော့ပြန်ပဋိပက္ခမှလွဲ၍မည်သည့်အကျိုးအမြတ် တစ်ခုကိုမျှမပေးပါ

အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံဖြင့် ရင်းနှီးမြုပ်နှံမည့်ဟတ်ကြီးရေကာတာစီမံကိန်းအား ပြန်လည်စတင်နိုင်ရန်အတွက် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံမှ စီမံကိန်းအကောင်ထည်ဖော်သူများက အချိန်ကာလကြာမြင့်စွာ စောင့် ဆိုင်းခဲ့ကြသည်။ တရုတ်နိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် စီနိုဟိုက်ဒရိုနှင့် ထိုင်းနိုင်ငံပိုင် အီးဂက် (EGATi) ကုမ္ပဏီတို့သည် ယခင် ၂၀၀၈ ခုနှစ် မတိုင်ခင်ကာလအတွင်း မြန်မာစစ်တပ်အစိုးရနှင့် နားလည်မှုစာချွန်လွှာများစွာ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းမှဖြစ်ပေါ်မည့် ထိခိုက်မှုများနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား အသိပေးအကြောင်းကြားခြင်းနှင့်သဘောတူညီချက်တစ်စုံတစ်ရာယူခဲ့ခြင်းများ မရှိခဲ့ချေ။

ဟတ်ကြီးရေကာတာမှရရှိလာမည့် လျှပ်စစ်ဓါတ်အား ၈၅ ရာခိုင်နှုန်းကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ရန် စီစဉ်ထားလျှက်ရှိသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် (EGATi) ၏ ဥက္ကဌဖြစ်သူ Watchara Hemratchatanan က ဟတ်ကြီးရေကာတာမှရေအချို့ကိုခွဲယူ၍ ထိုင်းနိုင်ငံ၊ တပ်ခရိုင်အတွင်းရှိ ဘူမိဘောရေကာတာအတွင်းသို့ ထည့်သွင်းပါက ဖြစ်ပေါ်လာနိုင်မည့်သက်ရောက်မှုများအတွက် လေ့လာသုံးသပ်မှုအသစ်တစ်ခုပြုလုပ်မည့် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများရှိခဲ့ကြောင်း ထိုင်းသတင်းစာတစ်ခုမှ ရေးသားထားပါသည်။

၂၀၁၂ ခုနှစ်မှစ၍ ဟတ်ကြီးရေကာတာစီမံကိန်းအနီးတွင် မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်များမှ ခြေကုပ်ယူခြင်းနှင့်အင်အားဖြည့်တင်းခြင်းများကို အပစ်အခတ်ရပ်စဲရေးပြုလုပ်နေသည့်ကာလအတွင်း ပြုလုပ်ခဲ့မှုများသည် KNU/KNLAနှင့်မြန်မာစစ်တပ်အကြားတွင် တင်းမာမှုများမြင့်မားလာအောင် ဖြစ်စေခဲ့သည်။ ဤလုပ် ဆောင်မှုအရ မြန်မာစစ်တပ်ဖက်မှ တစ်နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် အမှန်တကယ်စိတ်ရင်းခံဖြင့် ပါဝင်ဆောင်ရွက်လိုစိတ်မရှိသည်မှာ ထင်ရှားသည်။ တိုင်းရင်းသားပြည်သူလူထုနှင့် ၎င်းတို့၏အခွင့် အရေးများအပေါ် အကြမ်းဖက်ထိခိုက်ချိုးဖေါက်ခြင်း၊ ၎င်းတို့၏အသံနှင့်အသက်အိုးအိမ်ကို ဘေးဖယ်ဥပေက္ခာပြုခြင်း၊ စသည်များပါဝင်သည့်စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများသည် ဒီမိုကရေစီစနစ်ကျသည့် အနာဂတ်မြန်မာနိုင်ငံကို ဖန်တီးပေးနိုင်မည်မဟုတ်ပါ။



[ဓာတ်ပုံ - KRW]

# အကြံပြုချက်များ

- မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်အနေဖြင့် သမိုင်းဝင်ငြိမ်းချမ်းရေးဆွေးနွေးမှုကိုလေးစားကာ ကရင်ပြည်နယ်အတွင်းစစ်ဆင်ရေးများကိုရပ်စဲသင့်ပြီးပူးတွဲစောင့်ကြည့်လေ့လာရေးကော်မတီမှတစ်ဆင့်အခြားကရင်လက်နက်ကိုင်အဖွဲ့များအပါအဝင် KNU/KNLA နှင့် ပူးပေါင်းကာ ပဋိပက္ခကို ဖြေရှင်းသင့်သည်။

- မြန်မာစစ်တပ်နှင့် ၎င်း၏နယ်ခြားစောင့်တပ်များသည် ပြည်တွင်းရွှေ့ပြောင်းစစ်ပြေးဒုက္ခသည်များအတွက် ထောက်ပံ့ပေးသည့် လူသားခြင်းစာနာထောက်ထားမှုအကူညီများအား လွတ်လပ်စွာဖြတ်သန်းခွင့် ပြုသင့်သည်။

- လွတ်လပ်သော၊ တန်းတူညီမျှမှုရှိသော၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိသောမူအပေါ် အခြေခံသည့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်အားထူထောင်သွားမည်ဟူသော အမျိုးသားဒီမိုကရေစီဦးဆောင်အစိုးရ၏ ကတိကဝတ်နှင့်အညီ မြန်မာနိုင်ငံအစိုးရ၊ မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်တို့သည် ကရင်ပြည်နယ်နှင့် အခြားဒေသများတွင်လုပ်ဆောင်နေသော စစ်ရေးစစ်ဆင်မှုများအား ရပ်တန့်သင့်သည်။

- ပြည်တွင်းငြိမ်းချမ်းရေးနှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးကို ပံ့ပိုးသောအားဖြင့် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများအတွင်း ကြီးမားသောဖွံ့ဖြိုးရေးစီမံကိန်းများကို မြန်မာနိုင်ငံအစိုးရက ဆိုင်းငံ့ထားသင့်သည်။

- မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်ခံစားရသောပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူဒုက္ခသည်များအပါအဝင် နိုင်ငံအတွင်းနေထိုင်သော ပြည်သူပြည်သူအားလုံး၏လူ့အခွင့်ရေးကို လေးစားကာကွယ်သင့်သည်။

- ယခုလက်ရှိ တိုက်ပွဲများကြောင့် ရွှေ့ပြောင်းနေထိုင်ရသောသူများအားလုံး ၎င်းတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် ၎င်းတို့၏နေရပ်အိုးအိမ်သို့ ဂုဏ်သိက္ခာရှိရှိနှင့်ဘေးကင်းလုံခြုံစွာပြန်လည်အခြေချခွင့်ကိုရရှိအောင် မြန်မာနိုင်ငံအစိုးရအနေဖြင့် စနစ်တကျ ထောက်ပံ့သင့်သည်။

- ထိုင်းနိုင်ငံအစိုးရအနေဖြင့် ဒုက္ခသည်များအား ပဋိပက္ခဖြစ်နေသည့်ကာလအတွင်းတွင် မြန်မာနိုင်ငံဖက်သို့ အတင်းအကျပ်ပြန်လည်မပို့ဆောင်သင့်ပေ။

- ဟတ်ကြီးရေကာတာစီမံကိန်းနယ်မြေအတွင်း မြန်မာစစ်တပ်မှလုပ်ဆောင်သော စစ်လက္ခဏာဆောင်စစ်ရေးတိုးချဲ့လာမှုနှင့်စစ်ရေးလုပ်ရှားမှုများသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပါအချက်နှင့် ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားသော စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းလမ်းညွှန်မှုအပါအဝင် အခြားသောကမ္ဘာ့ကုလသမဂ္ဂ၏စည်းမျဉ်းလမ်းညွှန်ချက်များကို ဆန့်ကျင်ချိုးဖေါက်နေသည်ဖြစ်ရာ ဟတ်ကြီးရေကာတာစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံအကောင်ထည်ဖော်မည့်သူများအနေဖြင့် စီမံကိန်းအတွင်း ၎င်းတို့၏ပါဝင်မှုကိုရပ်တန့်သင့်သည်။

- စီမံကိန်းနှင့်ပတ်သက်ပြီး ထိခိုက်မည့်ဒေသခံပြည်သူလူထုနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ပြည့်ပြည့်ဝဝ၊ ထိထိရောက်ရောက်နှင့်တရားဝင်ပူးပေါင်းပါဝင်နိုင်ရန်အတွက် ဟတ်ကြီးရေကာတာစီမံကိန်းအပါအဝင် သံလွင်မြစ်ပေါ်တွင်ပြုလုပ်မည့်ရေကာတာစီမံကိန်းအားလုံးနှင့်ပတ်သက်သည့် သတင်းအချက်အလက်မှန်သမျှကို ပြည်သူလူထုအား ရှင်းလင်းစွာချပြကာ ပွင့်လင်းမြင်သာမှုရှိသောစီမံကိန်းနှင့် မျှတညီမျှသောဖွံ့ဖြိုးတိုးတက်မှုဖြစ်ရေးကို ဆောင်ရွက်ရမည်။



[ဓာတ်ပုံ - KRW]

ဆက်သွယ်ရန်
Email: karenriverswatch@gmail.com